PARAMI ENERGY

THE GLOBAL COMPACT
WE SUPPORT

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်

ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုအတွက်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒနှင့်လုပ်ငန်းစဉ်

နိဒါန်း

၁။ အဂတိလိုက်စားခြင်းသည် တရားဥပဒေစိုးမိုးမှုနှင့်မျှတသည့် ဈေးကွက်ကျင့်သုံးမှုများကို ထိခိုက်မှု ရှိပါသည်။ ဤမူဝါဒသည် ပါရမီ၏လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မာစေရန်အတွက် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု အနေဖြင့် အဂတိလိုက်စားမှုကို ကိုင်တွယ်အရေးယူနိုင်ရန်အတွက် စူးစမ်းတွက် ချက်မှုနှင့် ပြတ်သားသော ကတိကဝတ်တို့ လိုအပ်သည်ကို အသိအမှတ်ပြုပါသည်။ ထို့ကြောင့် ကုမ္ပဏီအနေဖြင့် ဝန်ထမ်းများအားလုံး၊ ဒါရိုက်တာများနှင့် ၊ အကြံပေးများအားလုံး လိုက်နာရန် အတွက် အဂတိ လိုက်စားမှုကို သုံညအဆင့်ထိ လျှော့ချသည့်မူဝါဒကို ပြဌာန်းခဲ့ပါသည်။

(က) ဤမူဝါဒသည် ကုမ္ပဏီကိုယ်စားလုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ (ဥပမာအား ဖြင့် အကျိုးဆောင်များ၊ ကိုယ်စားလှယ်များနှင့်ကြားဝင် ဆောင်ရွက်ပေးသူများ)နှင့် သက်ဆိုင်သည်။ ဤမူဝါဒနှင့် အဂတိလိုက်စားမှု ပပျောက်ရေးအစီအစဉ်သည် မိမိတို့ ၏ ကန်ထရိုက်တာများ၊ တဆင့်ခံ ကန်ထရိုက်တာများနှင့် ပစ္စည်းနှင့် ဝန်ဆောင်မှုများ ရောင်းချပံ့ပိုးပေးသူများနှင့်လည်း သက်ဆိုင်သည်။

(ခ) ပါရမီအနေဖြင့် စည်းစနစ်ကျပြီး စည်းမျဉ်း၊စည်းကမ်းများကို လိုက်နာနိုင်ရေးအတွက် မိမိတို့ဝန်ထမ်းများအား သင်တန်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အကြီး တန်း စီမံခန့်ခွဲသူများ၊ ဌာနအကြီးအကဲများနှင့် သက်ဆိုင်မှုရှိသော ဝန်ထမ်းများကို ရွေးချယ်ပြီး WeatherfordInternationalမှစည်းမျဉ်းစည်းကမ်းများဆိုင်ရာ သင်တန်း ပေးခြင်းကို ပြုလုပ်ဖြစ်ပါသည်။ ပါရမီစွမ်းအင်၏ဝန်ထမ်းများအားလုံးကို ယင်းသင် တန်း တက်ရောက်နိုင်ရန်လည်း မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

၂။ ဤမူဝါဒသည် ကုမ္ပဏီလုပ်ထုံးလုပ်နည်း မူဝါဒနှင့် ဆက်စပ်တူညီနေသည်။ ဤမူဝါဒသည် ကုမ္ပဏီရှိဝန်ထမ်းများ၊ အရာရှိများနှင့် ညွှန်ကြားရေးမှူးများအားလုံး လိုက်နာရမည်ဖြစ်ပြီး ကုမ္ပဏီခွဲ